**မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့**
**နေ့စဉ်စျေးကွက်သတင်းလွှာ**

myantrade

July 14, 2020 Volume 33, Number 10

**၁၄.၇.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၉၈ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၃၃၅၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၇၅/- ကျပ် |
| CBM Rate | = ၁၃၇၃.၃ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၅၉.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၈၅.၃၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၁၉.၇ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၈၀.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၅၃.၃၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၅.၇၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၂၁၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၃.၉၄ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၁.၅၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၅၀၀ ကျပ် |

Source: CBM Rate, etrademyanmar.com

## တရုတ်နိုင်ငံသို့ ဆန်တင်ပို့ခွင့်ရှိသည့် မြန်မာကုမ္ပဏီအမည်စာရင်း ထုတ်ပြန်ကြေငြာ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်အခွန် အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ ၊ General Administration of Customs People's Republic of China ( GACC) က ၂၀၂၀ ပြည့်နှစ် ၊ ဇူလိုင်လ ၁၀ ရက် ရက်စွဲဖြင့် မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ဆန်တင်ပို့ခွင့်ရှိသည့် မြန်မာကုမ္ပဏီစာရင်းအား ၎င်း၏ website စာမျက်နှာတွင် ထုတ်ပြန်ကြေငြာထားသည်။

ယခင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်အခွန် အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့တွင် မြန်မာနိုင်ငံမှ ဆန်တရားဝင်တင်ပို့ခွင့်ကို ကုမ္ပဏီ(၁၁)ခုသာ စာရင်းသွင်းထားသည့်အတွက် မြန်မာဆန်ကုမ္ပဏီများအနေဖြင့် တရုတ်နိုင်ငံသို့ G to G (သို့မဟုတ်) B to B ရောင်းချလိုပါက ၎င်းကုမ္ပဏီ(၁၁)ခုမှသာ တရားဝင် ရောင်းချနိုင်သောကြောင့် ပြည်တွင်းဆန်စပါး ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရပါသည်။

အဆိုပါ အခက်အခဲကို ဖြေရှင်းနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ပါဝင်သည့် သုံးပွင့်ဆိုင်ကော်မတီက ပူးပေါင်းညှိနှိုင်း၍ မြန်မာနိုင်ငံမှ GACC သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် ဆန်ကုမ္ပဏီများအား ပြန်လည်စာရင်းသွင်းရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ကူညီပံ့ပိုးမှုဖြင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ၁၀.၇.၂၀၂၀ ရက်နေ့တွင် မြန်မာနိုင်ငံမှ အဆိုပြုထားသော မြန်မာကုမ္ပဏီ (၄၃)ခု အမည်စာရင်းအား GACC မှ စာရင်းသွင်းပြီးဖြစ်ကြောင်း ၎င်းတို့၏ website စာမျက်နှာတွင်ဖော်ပြထားပါသည်။

အဆိုပါကြေငြာချက်အရ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံသို့ GACC တွင် စာရင်းသွင်းပြီးဖြစ်သော မြန်မာကုမ္ပဏီ(၄၃)ခုသည် ဆန်တရားဝင်တင်ပို့နိုင်တော့မည် ဖြစ်သည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံမှ ဆန်၊ ဆန်ကွဲနှင့် သစ်သီးဝလံ(၈)မျိုးကို တရားဝင်တင်ပို့ခွင့်ပြုထားပြီး၊ မြန်မာနိုင်ငံမှ ငှက်ပျောသီး၊ ကျွဲနွားအရှင်နှင့် ရေထွက်ပစ္စည်းများတင်ပို့နိုင်ရေးမှာလည်း ညှိနှိုင်းမှု၏ နောက်ဆုံးအဆင့်သို့ရောက်ရှိနေပြီ ဖြစ်သည်။ အချို့သောကိစ္စရပ်များသည် အစိုးရဌာနများနှင့် အသင်းအဖွဲ့များပူးပေါင်းညှိနှိုင်းမှသာ ဖြေရှင်းနိုင်ကြမည်ဖြစ်သည်။ ထို့ကြောင့် ကျန်ရှိနေသည့် အလားတူပြဿနာများကိုလည်း သုံးပွင့်ဆိုင်ကော်မတီကဲ့သို့ ဖြေရှင်းဆောင်ရွက်ခြင်းဖြင့် ဆောင်ရွက်သင့်ပါကြောင်း အကြံပြုရေးသားဖော်ပြအပ်ပါသည်။

**Source: GACC website – jckspj.customs.gov.cn**

**မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန (MITC)**

https://mitcygn.blogspot.com/2020/07/blog-post.html?fbclid=IwAR2iu Jbiwy rErPDCqvS 5vc6HRxc55l27_uty3mxD77GR5j2VRgcyDStswYs

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## လိုအပ်သည့်ကုန်စည်တင်သွင်းမှုနှင့်ပတ်သက်သည့် သတ်မှတ်ချက်များထုတ်ပြန်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ ၁၃ အရ သွင်းကုန်လိုင်စင်လျှောက်ထားရန် လိုအပ်သည့်ကုန်စည်များတင်သွင်းမှုနှင့်ပတ်သက်သည့် စည်းကမ်းသတ်မှတ်ချက်များ ထုတ်ပြန်လိုက်သည်။ စီးပွား/ကူးသန်းဝန်ကြီးဌာနသည် ၂၀၁၅ ခုနှစ် အောက်တိုဘာလက အမိန့်ကြေညာစာအမှတ် ၉၃/၂၀၁၅ ဖြင့်ထုတ်ပြန်ထားသည့် မြန်မာနိုင်ငံ၏ ပို့ကုန်သွင်းကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် သွင်းကုန်လိုင်စင်ရယူ တင်သွင်းရမည့်ပစ္စည်းများအတွက် ခွင့်ပြုချက်မရမီ ဆိပ်ကမ်းသို့ကုန်ပစ္စည်းများ ကြိုတင်ရောက်ရှိခြင်းမရှိစေရဟု သတ်မှတ်ထားကြောင်းသိရသည်။

သို့ရာတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန (ယခင်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန) က ၂၀၁၉ ခုနှစ် ဩဂုတ်လက အမိန့်ကြေညာစာအမှတ် ၆၈/၂၀၁၉ ဖြင့်ထုတ်ပြန်ထားသည့် အကောက်ခွန်သိုလှောင်ရုံဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် အထက်ပါသတ်မှတ်ချက်ကို သွင်းကုန်လိုင်စင် ရယူတင်သွင်းရမည့်ကုန်ပစ္စည်းများအတွက် အကောက်ခွန်သိုလှောင်ရုံသို့ထည့်သွင်းရန် တင်သွင်းလာသည့် ကုန်စည်များမှအပ ကျန်ကုန်စည်များကိုခွင့်ပြုချက်မရမီ ဆိပ်ကမ်းသို့ကြိုတင်ရောက်ရှိခြင်းမရှိစေရဟု ပြင်ဆင်သတ်မှတ်လိုက်ကြောင်း စီးပွား/ကူးသန်း ဝန်ကြီးဌာနထံမှသိရသည်။ တင်သွင်းသည့်ကုမ္ပဏီသည် သွင်းကုန်လိုင်စင်ရယူတင်သွင်းရမည့် ကုန်ပစ္စည်းများကို အကောက်ခွန်ကုန်လှောင်ရုံမှထုတ်ယူ၍ ပြည်တွင်းသုံးစွဲမှုအတွက်တင်သွင်းမည်ဆိုပါက လုပ်ထုံးလုပ်နည်းနှင့်အညီ သွင်းကုန်လိုင်စင်လျှောက်ထားရမည်ဖြစ်ကြောင်းသိရသည်။

အကောက်ခွန်ကုန်လှောင်ရုံတွင် ထည့်သွင်းရန်အတွက်မဟုတ်ဘဲ ပြည်တွင်းသို့တိုက်ရိုက်တင်သွင်း လာမှုနှင့် ပတ်သက်၍ လိုင်စင်လျှောက်ထားရန်လိုအပ်သည့်ကုန်စည်များကို စီးပွား/ကူးသန်းဝန်ကြီးဌာန၏ ခွင့်ပြုချက်လိုင်စင် မရရှိဘဲတင်သွင်းပြီး ဆိပ်ကမ်းသို့ကြိုတင်ရောက်ရှိပါက အဆိုပါတင်သွင်းသည့်ကုမ္ပဏီကို ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်းသိရသည်။

**Source : The Voice**

https://news.ydnp.net/355788/

## မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ်အများစုတွင် မိုးရွာသွန်းမှု နည်းပါးသောကြောင့် မြေပဲစိုက်ခင်းအချို့ အပင်မပေါက်နိုင်ဘဲ နှမ်းစိုက်ခင်းများမှာလည်း ဖျက်၍ပြန်စိုက်ရမည့်အခြေအနေဖြစ်ပေါ်နေ



မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ်အများစုတွင် ဇူလိုင်လဆန်းပိုင်းမှစ၍ မိုးရွာသွန်းမှု နည်းပါးလွန်းသောကြောင့် မြေပဲစိုက်ခင်းအချို့ အပင်မပေါက်နိုင်ဘဲ နှမ်းစိုက်ခင်းများကိုလည်းဖျက်၍ ပြန်စိုက်ရမည့်အခြေအနေဖြစ်ပေါ်နေကြောင်း ဒေသခံတောင်သူများထံမှသိရသည်။

မကွေး၊ နတ်မောက်၊ ရေနံချောင်း၊ ချောက်၊ ဆိပ်ဖြူ၊ ပခုက္ကူ စသည့်မြို့နယ်များအတွင်း ဇွန်လအတွင်းက ရွာသွန်းခဲ့သည့် မိုးများဖြင့် မြေပဲနှင့်နှမ်းများကို စိုက်ပျိုးခဲ့ကြကြောင်း၊ ဇွန်လကုန်ပိုင်းမှစ၍ ဇူလိုင် ၁၃ ရက် နေ့အထိ ကွက်ကြားမိုးအဖြစ်သာ မိုးရွာသွန်းခဲ့သောကြောင့် စိုက်ပျိုးထားသည့် မြေပဲခင်းအများစုသည် အပင်မပေါက်နိုင်သည့်အခြေအနေဖြစ်ပေါ်နေပြီး အပင်ပေါက်ပြီးသည့် မြေပဲခင်းများသည်လည်း ဖြစ်ထွန်းမှုနည်းလွန်းလျက်ရှိကြောင်း၊ အဆိုပါမြို့နယ်များအတွင်း စိုက်ပျိုးထားသည့် နှမ်းစိုက်ခင်းများသည် အပင်ဖြစ်ထွန်းမှု လုံးဝမရှိသောကြောင့် ဖျက်၍ ပြန်လည်စိုက်ပျိုးရတော့မည်ဖြစ်ကြောင်းသိရသည်။ "မိုးဦးပိုင်းက စိုက်ခဲ့တဲ့ နှမ်းပင်တွေကလည်း အပင်မကြီးနိုင်တော့ပါဘူး။ ဇွန်လကုန်ပိုင်းက စိုက်ခဲ့တဲ့နှမ်းတွေဆိုရင် လုံးဝအပင်မကြီးနိုင်တော့လို့ စိုက်ခင်းတွေထဲမှာ ဆိတ်၊ နွားတွေကို လွှတ်ကျောင်းနေရပြီး တိရစ္ဆာန်စာအဖြစ် ကျွေးနေရပါတယ်။ မိုးရွာလာမှ နောက်တစ်ခါ ထပ်စိုက်ကြရမှာပါ။ ရာသီဥတုဖောက်ပြန်မှုတွေက

တစ်နှစ်ထက်တစ်နှစ် ပိုသိသာလာပြီး သဘာဝမိုးရေကိုပဲ မှီခိုနေရတဲ့ တောင်သူတွေအတွက်က ထွက်ပေါက်မရှိသလို ဖြစ်နေပါတယ်” ဟု မကွေးမြို့နယ် မိချောင်းရဲတိုက်နယ်မှ တောင်သူ ဦးသက်နိုင်ဝင်းက ပြောကြားသည်။

ရာသီဥတုဖောက်ပြန်မှုများနှင့် သီးနှံပေါ်ချိန်တွင် သီးနှံဈေးနှုန်းနိမ့်ကျမှုများကြောင့် မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ်အများစုတွင် တောင်သူလုပ်ငန်းကို စိတ်ဝင်စားမှု လျော့နည်းလာပြီး လူငယ်နှင့်လူလတ်ပိုင်းအများစုသည် နယ်သို့ထွက်၍ အလုပ်လုပ်ကိုင်သူ များပြားလာကြောင်း၊ ထို့ကြောင့် လုပ်သားရှားပါးမှုကို ရင်ဆိုင်လာရကာ ဇွန်လလယ်ပိုင်းက နှမ်းပေါင်းနုတ်ရာသီတွင် မကွေးမြို့နယ်အတွင်းမှ နှမ်းစိုက်တောင်သူများသည် အခြားမြို့နယ်များမှ လုပ်သားများကို ကားဖြင့်နေ့ချင်းပြန်ခေါ်ယူရသည်များရှိခဲ့ကြောင်းသိရသည်။

မိုးမရွာသောကြောင့် ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် မြေပဲနှင့်နှမ်းစိုက်ခင်းများစိုက်ပျိုးစဉ်က မြေပဲမျိုး ဆန်တစ်တင်းလျှင် ကျပ်တစ်သိန်းခန့်အထိ ပေးဝယ်ရသည်များရှိခဲ့ပြီး စမုံနက်နှမ်းမျိုးစေ့တစ်တင်းလျှင် ကျပ် ၆၀၀၀၀ ခန့် ဈေးပေါက်ခဲ့ကြောင်း၊ ယခုမိုးရွာသွန်းမှု နည်းလွန်းသောကြောင့် နှမ်းစိုက်ခင်းများပြန်စိုက်ရလျှင် တစ်ကေအတွက် ကျပ်တစ်သိန်းခွဲခန့် နစ်နာမှုရှိမည်ဖြစ်ကြောင်း၊ မိုးရွာသွန်းမှု နည်းပါးလွန်းသောကြောင့် မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ်အများစုမှ ရေကန်များတွင် ရေမတင်သေးဘဲ သောက်သုံးရေ အခက်အခဲကြုံတွေ့နေရသည့် ကျေးရွာများတွင် အလှူရှင်များကလှူဒါန်းသည့်ရေကိုသာ မှီခိုနေရဆဲဖြစ်ကြောင်း ဒေသခံတောင်သူများထံမှသိရသည်။

**Source:** https://news-eleven.com/article/182642

## မော်တော်ယာဉ်ဝယ်ယူရာတွင် အခွန်ကိစ္စဆောင်ရွက်ပြီးစီးကြောင်းကို QR Scanner ဖြင့်စစ်ဆေး ကြည့်ရှုနိုင်

မော်တော်ယာဉ်ဝယ်ယူခြင်းအတွက် အခွန်ကိစ္စစိစစ်ဆောင်ရွက်ပြီးစီးကြောင်း ထောက်ခံချက်ပုံစံများကိုတုပပြုလုပ်ခြင်းမှ ကာကွယ်တားဆီးနိုင်ရေးအတွက် ထောက်ခံချက်ပုံစံအပေါ်တွင် မော်တော်ယာဉ်ဝယ်ယူသူ၏ သတင်းအချက်အလက်များနှင့် မော်တော်ယာဉ်ဆိုင်ရာ သတင်းအချက်အလက်များကို QR Scanner Application ဖြင့် စိစစ်နိုင်မည့် လုံခြုံမှုအဆင့်အတန်းပါသော IRD Documentation Stamp Label ကပ်နှိပ်၍ ထုတ်ပေးလျက်ရှိကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပြန်ထားသည်။

ထို့ကြောင့် အခွန်ထမ်းပြည်သူများအနေဖြင့် ပြည်တွင်းအခွန်များဦးစီးဌာနမှ ထုတ်ပေးသည့် အခွန်ကိစ္စ စိစစ်ဆောင်ရွက်ပြီးစီးကြောင်း ထောက်ခံချက်ပုံစံအပေါ်တွင် ကပ်နှိပ်ထားသည့် QR Code Stamp Label ကို တယ်လီဖုန်းတွင်ပါရှိသော QR Scanner ဖြင့် ဖတ်ရှုခြင်းအားဖြင့် မိမိအခွန်ထမ်းဆောင်မှု အတွက် ထုတ်ပေးသော ထောက်ခံချက်များကို မှန်ကန်မှု ရှိ/မရှိ စစ်ဆေးကြည့်ရှုနိုင်ပြီ ဖြစ်ကြောင်း သိရသည်။

ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် အချက်အလက်များကွဲလွဲမှုရှိပါက သက်ဆိုင်ရာမြို့နယ်အခွန် ဦးစီးဌာနမှူးရုံးသို့ အမြန်ဆုံးဆက်သွယ်ဆောင်ရွက်ပေးနိုင်ပါရန်နှင့် တစ်ဦးတစ်ယောက်၏ အလွဲသုံးစားပြုမှုကြောင့် အချက်အလက်များ မှားယွင်းမှုဖြစ်ပေါ်ပါက မည်သူ့ကို မဆို တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

**Source:** https://www.facebook.com/pyimyanmarnews/

## ဒုတိယအကြိမ် ကိုဗစ်ချေးငွေ စိုက်ပျိုးမွေးမြူရေးကဏ္ဍကို ဦးစားပေးမည်



ဒုတိယအကြိမ် ကိုဗစ်ကုစားရေး ထပ်တိုးချေးငွေ ကျပ် ဘီလီယံ ၁၀၀ ကို စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းကျောင်းများအား ဦးစားပေး ချေးမည်ဟု COVID-19 ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဦးရဲမင်းဦးကပြောသည်။ ယခင်က ကိုဗစ်ချေးငွေကို ဦးစားပေးကဏ္ဍအဖြစ် အသေးစားနှင့်အလတ်စား (SME)လုပ်ငန်းများ၊ လက်ခစားလုပ်ငန်းများ (CMP)၊ ဟိုတယ်နှင့်ခရီးသွားစသည့်လုပ်ငန်းများအား ထုတ်ချေးခဲ့ပြီးဖြစ်သည်။ “ဒုတိယအကြိမ်

ဈေးငွေမှာတော့ ပထမအသုတ် ထုတ်ချေးပေးခဲ့တဲ့ကဏ္ဍက လုပ်ငန်းတွေတော့ မပါလာနိုင်တော့ဘူး။ ဘီလီယံ ၅၀၀ အထိ ထုတ်ချေးဖို့ရှိတဲ့အတိုင်း အသုတ်တိုင်းမှာ မတူညီတဲ့ ဦးစားပေးလုပ်ငန်းတွေကို ရွေးချယ်ပြီးချေးပေးသွားမယ်။ အဲဒါဆိုရင် ဘီလီယံ ၅၀၀ ပြည့်သွားတဲ့အခါ ကဏ္ဍအသီးသီးက လုပ်ငန်းအများစုက ချေးငွေရရှိသွားကြမှာဖြစ်ပါတယ်" ဟု ဦးရဲမင်းဦးကပြောသည်။ COVID-19 & Myanmar Economy Past, Present & Future ခေါင်းစဉ်ဖြင့် ဇူလိုင် ၁၂ ရက်က မန္တလေးတိုင်း ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်း၌ ပြုလုပ်ခဲ့သော စကားဝိုင်းဆွေးနွေးပွဲတွင် ၎င်းက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ချေးငွေစတင် ထုတ်ချေးမည့်ရက်၊ လုပ်ငန်းကဏ္ဍအလိုက် အမျိုးအစားများနှင့် ငွေချေးခြင်းအတွက် စည်းကမ်း သတ်မှတ်ချက်များကို မကြာခင် ရက်ပိုင်းအတွင်း ကြေညာရန်ရှိသည်ဟုဆိုသည်။ ဆက်လက်၍ ဦးရဲမင်းဦးက "စစ်ဆေးတဲ့ ပုဂ္ဂိုလ်တွေကလည်း ပထမအကြိမ်မှာ အတွေ့အကြုံရှိပြီးသားဖြစ်တဲ့အတွက် အခုတကြိမ်မှာ မြန်မြန်ဆန်ဆန် စစ်ဆေး လာနိုင်လိမ့်မယ်။ ဒီလိုပဲ လျှောက်ထားတဲ့ပုဂ္ဂိုလ်တွေကလည်း ဘာတွေလိုအပ်တယ်၊ ဘယ်လိုပုံစံလျှောက်ထားရမယ်ဆိုတာ သိနေတဲ့အတွက် ဒုတိယအကြိမ် ဘီလီယံ ၁၀၀ က လူတွေလက်ထဲ မြန်မြန်ဆန်ဆန် ရောက်ပါလိမ့်မယ်" ဟုပြောသည်။ ကိုဗစ်ကြောင့် ထိခိုက်မှုရှိခဲ့သည့် စီးပွားရေးလုပ်ငန်းများအား အစိုးရမှ အပေါင်ပစ္စည်းမလိုဘဲ အတိုးနှုန်း ၁ ရာခိုင်နှုန်းဖြင့် ၁ နှစ်ကာလချေးငွေများကို လုပ်ငန်းကဏ္ဍအလိုက် ထုတ်ချေးပေးလျက်ရှိရာ ချေးငွေလျှောက်ထားရာတွင် လိုအပ်သည့် အချက် ၁၀ ချက် သတ်မှတ်ထားကြောင်းသိရသည်။

အဆိုပါ သတ်မှတ်ချက်များအနက် အဓိကအားဖြင့် ချေးငွေလျှောက်ထားမည့် စီးပွားရေးလုပ်ငန်းသည် COVID-19 ကြောင့် အမှန်တကယ် ထိခိုက်မှု ရှိနေသော နိုင်ငံသားပိုင် စီးပွားရေးလုပ်ငန်း ဖြစ်ရပြီး လက်ရှိလည်ပတ် ဆောင်ရွက်နေသည့် လုပ်ငန်း သို့မဟုတ် ယာယီရပ်စဲထားပါကလည်း ချေးငွေရရှိပါက ချက်ချင်းပြန်လည်စတင်လည်ပတ်နိုင်သည့် လုပ်ငန်းဖြစ်ရန်၊ ချေးငွေလျှောက်ထားသည့်လုပ်ငန်းသည် ၂၀၁၈ မတ်လ မတိုင်မီကတည်းက သက်ဆိုင်ရာဌာနမှ ခွင့်ပြုချက်၊ လုပ်ငန်းလိုင်စင် ရထားပြီးသည့် လုပ်ငန်းဖြစ်ရမည် ဖြစ်သလို လွန်ခဲ့သည့် ၂ နှစ်တာ ကာလအတွင်း နှစ်စဉ်ဝင်ငွေရရှိနေသော လုပ်ငန်းဖြစ်ရန်၊ ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ အထူးကုန်စည်ခွန်ပေးဆောင်ထားသည့် လုပ်ငန်းဖြစ်ရမည်ဖြစ်သလို ရရှိလာသည့်ချေးငွေအား ဝန်ထမ်းနှင့်လုပ်သားများ လစာပေးရန်နှင့် လက်ရှိလုပ်ငန်းလည်ပတ်ရန်ကိစ္စအတွက်သာ အသုံးပြုမည့်လုပ်ငန်းဖြစ်ရမည်ဟု သတ်မှတ်ထားသည်။

မန္တလေးရှိ အဏ္ဏဝါရေထွက်ကုန်လုပ်ငန်းမှ ဦးတိုင်းကျော်က "လျှောက်တော့ လျှောက်ကြည့်ရမှာပေါ့။ ကျနော်တို့ဆို နေ့စဉ် တရုတ်ကို ပို့နေရတဲ့ ပို့ကုန်ပမာဏကများရင် သိန်းရာဂဏန်းလောက် အထိရှိတယ်။ ဒါပေမယ့် သူတို့က အလုပ်သမား အရေအတွက်ပေါ် မူတည်ပြီး ကြည့်ပေးတာမျိုးထက် Working Capital ကိုလည်း ကြည့်ပြီး စဉ်းစားပေး စေလိုပါတယ်။ ဘာလို့လဲဆိုတော့ ကျနော်တို့ဆီမှာကျ လခစားလုပ်တဲ့သူထက် နေ့စားပြတ်လုပ်တဲ့ လုပ်သားအရေအတွက်က ပိုများ တယ်လေ" ဟု ဧရာဝတီကိုပြောသည်။

ပထမအကြိမ် ကိုဗစ်ချေးငွေ ကျပ် ဘီလီယံ ၁၀၀ အား ဧပြီလမှ ဇွန်လအတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ၊ စားသောက်ဆိုင်၊ စားသောက်ကုန်၊ လူသုံးကုန်၊ အထွေထွေကုန်ပစ္စည်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် လက်ခစားစနစ်ဖြင့် ဆောင်ရွက်သည့် အထည်ချုပ်လုပ်ငန်း များ (CMP) စုစုပေါင်း ၃၃၀၀ ကျော်အား ၇ သုတ်ခွဲ၍ ထုတ်ချေးပြီးဖြစ်ကြောင်း COVID-19 ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုဝန်ကြီး ဦးဗရတ်ဆင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုဝန်ကြီး ဦးတင်လတ်နှင့်ရန်ကုန်တိုင်းစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး/ COVID-19 ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးရဲမင်းဦးတို့က COVID 19 ကြောင့် မြန်မာ့စီးပွားရေးကဏ္ဍအလိုက် ဆောင်ရွက်နေမှုများ၊ အလားအလာများအား ပြောကြားခဲ့ကြသည်။

**Source:** https://burma.irrawaddy.com/business/2020/07/13/226229.html

## အရက်၊ ဝိုင်နှင့်စီးကရက်အခွန်များ တိုးမြှင့်ကောက်ခံတော့မည်

စီးကရက်၊ အရက်နှင့်ဝိုင်များအပေါ်ကောက်ခံသည့် အထူးကုန်စည်ခွန်နှုန်းထားများကို တိုးမြှင့်ကောက်ခံမည်ဟု စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မောင်ဝင်းကပြောသည်။ ၂၀၂၀ ပြည်ထောင်စု၏ အခွန်အကောက်

ဥပဒေမူကြမ်းနှင့်ပတ်သက်၍ အထက်ပါဒုတိယဝန်ကြီးက ပြည်ထောင်စုလွှတ်တော်သို့ ဇူလိုင် ၁၃ ရက်တွင် ရှင်းလင်းတင်ပြစဉ် ယင်းသို့ထည့်သွင်းပြောကြားခြင်းဖြစ်သည်။ "ပထမဦးစွာ အထူးကုန်စည်ခွန်နှုန်းထားများ တိုးမြှင့်ခြင်းနှင့်စပ်လျဉ်း၍ တင်ပြလိုပါတယ်။ နိုင်ငံတော်၏ ကျန်းမာရေးမူဝါဒများနှင့်ကိုက်ညီစေရန် အထူးကုန်စည်အဖြစ် သတ်မှတ်ထားသော ဥပဒေကြမ်း၏ အပိုဒ် ၁၁ ပါ စီးကရက်၊ အရက်နှင့်ဝိုင်များအပေါ်မှာ ကောက်ခံတဲ့အထူးကုန်စည်ခွန်နှုန်းထားများ ကို ယခင်နှစ်များကဲ့သို့ပင် ငွေကြေးဖောင်းပွမှုနှုန်း အပေါ်အခြေခံ၍ တိုးမြှင့်သတ်မှတ်ထားပါတယ်။ ထို့အတူ ဆေးပေါ့လိပ် အပေါ်မှာ ကောက်ခံတဲ့ အထူးကုန်စည်ခွန်နှုန်းထားများကိုလည်း တိုးမြှင့်သတ်မှတ်ထားပါတယ်။ နိုင်ငံတော်၏ ကျန်းမာရေးမူဝါဒများနှင့်လည်း ကိုက်ညီမှုရှိပါတယ်" ဟု ဦးမောင်မောင်ဝင်းက လွှတ်တော်သို့ပြောသည်။

အထက်ပါဥပဒေမူကြမ်း၌ စီးကရက်၊ အရက်နှင့်ဝိုင်များအပေါ် ယခင်နှစ်ထက်အခွန်နှုန်းထား တိုးမြှင့်ထားခြင်း ဖြစ်ပြီး အလွှာအလိုက် တိုးမြှင့်ထားသည်ကိုတွေ့ရကြောင်း ပြည်ထောင်စုလွှတ် တော် ပြည်သူ့ငွေစာရင်းပူးပေါင်း ကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဦးအောင်မင်းကရှင်းပြသည်။ ထို့အပြင် ၂၀၁၉ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပုဒ်မ ၂၅ တွင် စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေများအပေါ် ကောက်ခံသည့်ဝင်ငွေခွန်နှုန်းထားကို လျှော့ချသတ်မှတ်ထားခြင်းကို ယခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းတွင် ပယ်ဖျက်ထားကြောင်း ဒုတိယဝန်ကြီးကပြောသည်။ "ထိုစဉ်က ဝင်ငွေခွန်နှုန်းထားလျှော့ချပေးခြင်းသည် နိုင်ငံတော်၏ လက်ရှိစီးပွားရေးအခြေအနေကို ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် ပြည်သူအများလက်ဝယ်ရှိ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေများပြန်လည်ပေါ်ထွက်လာစေရန်နှင့် ပြည်ပတွင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သည့် နိုင်ငံသားများ၏ဝင်ငွေများ ပြန်လည်ဝင်ရောက်လာစေရန်ရည်ရွယ်၍ ပြဋ္ဌာန်းသတ်မှတ် ပေးခဲ့ခြင်းဖြစ်ပါတယ်" ဟု ၎င်းကရှင်းလင်းသည်။

သို့သော် ယခုနှစ်တွင် သက်သာသော စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေအတွက် အခွန်နှုန်းထားများကို ပယ်ဖျက်၍ မူလအခွန်နှုန်းထားအတိုင်း ထားရှိခြင်းဖြစ်ကြောင်းနှင့် ဝင်ငွေခွန်ဥပဒေအသစ်ကို ပြဋ္ဌာန်းနိုင်ရန်ဆောင်ရွက်နေသဖြင့် ယင်းဥပဒေပြဋ္ဌာန်းပြီးချိန်တွင် စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေသည် ပျောက်ကွယ်သွားမည်ဖြစ်ကြောင်း ဦးမောင်မောင်ဝင်းကဆိုသည်။

စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေအတွက် အခွန်နှုန်းထားသည် ၃၀ ရာခိုင်နှုန်း ကောက်ခံခြင်းဖြစ်ပြီး ၂၀၁၄ မှ စတင်ကာလျှော့ပေါ့ပေးခဲ့ပြီး ယမန်နှစ်က နောက်ဆုံးနှစ်အဖြစ် လျှော့ချပေးခဲ့ခြင်းဖြစ်ကြောင်း ဇလွန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်းကရှင်းပြသည်။

**Source:** https://7day.news/detail?id=192181

## ၂၀၂၀ – ၂၁ ဘဏ္ဍာနှစ်တွင် ပြည်ပကုန်သွယ်မှုတန်ဖိုး ကန်ဒေါ်လာ ၃၅ ဘီလီယံခန့် ရရှိရန်မျှော်မှန်းထား

၂၀၂၀ – ၂၁ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းဥပဒေကြမ်းအရ ယင်းနှစ်တွင် ပြည်ပကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၇ ဘီလီယံ ရရှိရန် မျှော်မှန်းထားရှိပြီး ပို့ကုန် အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၂ ဘီလီယံနှင့် သွင်းကုန် အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၅ ဘီလီယံရရှိစေရန် ရည်မှန်းထားသည်ဟု စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က ပြည်ထောင်စုလွှတ်တော် ယနေ့အစည်းအဝေးတွင်ပြောကြားခဲ့သည်။ ယနေ့နေ့လယ်ပိုင်းတွင်ကျင်းပသော ဒုတိယအကြိမ်မြောက် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ ၂၀၂၀ – ၂၁ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းဥပဒေ(မူကြမ်း) အား ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား တင်သွင်းရာ၌ ဒုတိယဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်ပြီး ၎င်းက "၂၀၂၀–၂၁ ဘဏ္ဍာနှစ် နှစ်ကုန်တွင်ရှိမယ့် ပြည်တွင်းထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဖိုးကို ပုံမှန်ဈေးနှုန်းများအရ ၆ ရာခိုင်နှုန်း တိုးတက်ရန် ခန့်မှန်းပါတယ်၊ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနဲ့ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၂၅, ၈၀၃ ဒသမ ၅ ဘီလီယံ ခန့်မှန်းထားရှိပါတယ်၊ နှစ်အလိုက်တန်ဖိုးအရ တစ်ဦးကျထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) မှာ ကျပ် ၂,၂၈၄, ၉၇၀ ရရှိဖို့ မျှော်မှန်းထားပါတယ်" ဟုလည်း ရှင်းလင်းတင်ပြခဲ့သည်။

၂၀၁၉ – ၂၀ ဘဏ္ဍာနှစ်တွင် တစ်ဦးကျထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဖိုးမှာ ကျပ် ၂, ၀၉၇, ၁၈၇ ခန့်မှန်းခဲ့ပြီး ၂၀၁၈ – ၁၉ ဘဏ္ဍာနှစ်တွင် ကျပ် ၁, ၉၄၅, ၅၉၃ ရရှိခဲ့ကြောင်းလည်း ဒုတိယဝန်ကြီးကရှင်းပြခဲ့သည်။၂၀၂၀ – ၂၁ ဘဏ္ဍာနှစ်အမျိုးသား

စီမံကိန်း၏ စီးပွားရေးရည်မှန်းချက်များမှာ လယ်ယာကဏ္ဍကြီးတွင် ၂ ဒသမ ၆ ရာခိုင်နှုန်း၊ စက်မှု ကဏ္ဍကြီးတွင် ၆ ဒသမ ၅ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၇ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်စေရန်ဖြစ်ကြောင်း၊ ပုံမှန်ဈေးနှုန်းများအရ ကဏ္ဍကြီးများအလိုက် GDP ပါဝင်မှုအနေဖြင့် လယ်ယာကဏ္ဍတွင် ၂၁ ဒသမ ၃ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၃၆ ဒသမ ၂ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၄၂ ဒသမ ၅ ရာခိုင်နှုန်း ဖြစ်ပေါ်စေရန် ရည်မှန်းထားကြောင်း၊ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုမှာ နိုင်ငံပိုင်အခန်းကဏ္ဍတွင် ကျပ် ၁ဝ, ၆၄၆ ဒသမ ၁ ဘီလီယံရှိကြောင်းလည်း ၎င်းကရှင်းလင်းတင်ပြခဲ့သည်။

**Source:** http://xinhuamyanmar.com/myanmar/politics-law-military/28456-2020-07-13-10-00-56

## ရှမ်းပြည်နယ်ဒေသထွက် ကြက်သွန်ဖြူ ကီလို သန်းပေါင်းများစွာ လွှင့်ပစ်ရမည့် အခြေအနေ ဖြစ်ပေါ်နေ

တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း အမှတ် (၁) ချစ်ကြည်ရေးတံတားအား အမြန်ဆုံးမဖွင့်လှစ်နိုင်ပါက ရှမ်းပြည်နယ်ဒေသအတွင်း တောင်သူများစိုက်ပျိုးထားသည့် ခရမ်းစွဲကြက်သွန်ဖြူ ကီလိုသန်းပေါင်းများစွာ လွှင့်ပစ်ရမည့်အခြေအနေ ဖြစ်ပေါ်နေပြီး ယင်း အခြေအနေနှင့်ပတ်သက်၍ အစိုးရမှကူညီပေးနိုင်ရေးအတွက် လွှတ်တော်တွင် ကြယ်ပွင့်မပြမေးခွန်း မေးမြန်းသွားမည်ဖြစ်သည်ဟု မိုင်းပန်မြို့နယ် မဲဆန္ဒနယ် အမှတ် (၁) မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနောင့်ထံကသိရသည်။

"မနှစ်ကလည်း ထိုင်းက အခွန်မြင့်တာဖြစ်လို့ တောင်သူတွေအထိ နာခဲ့တယ်။ အခုလည်း ထိုင်းဘက် ကတော့ ပစ္စည်းတွေဝင်လာပေမယ့် မြန်မာဘက်ကတော့ အဆင်ပြေတဲ့ တံတား (၁) မဖွင့်တော့ မသွားနိုင်ဘူး။ ထိုင်းဘက်က တံတား (၁)က ဖွင့်မှ အဲဒီကပို့တဲ့နည်းလမ်းက တောင်သူတွေသက်သာပြီး အဆင်ပြေနိုင်တာဖြစ်လို့ အစိုးရအနေနဲ့ တောင်သူတွေ အကျိုးစီးပွားအတွက် ထိုင်းအစိုးရကို ညှိနှိုင်းပေးစေချင်တယ်။ တောင်သူအကျိုးစီးပွားကိုမျှော်ကိုးပြီး ကူညီစေချင်လို့ ကြယ်ပွင့်ပြနဲ့ လွှတ်တော်ကို တင်ပြသွားဖို့ရှိပါ့မယ်"ဟု ဦးစိုင်းနောင့်က ကမ္ဘောဇတိုင်းသို့ပြောသည်။

လက်ရှိတွင် ရှမ်းပြည်နယ်ဒေသထွက် ကြက်သွန်ဖြူများမှာ တစ်ပိဿာ ၁၂ဝဝ ကျပ်မှ ၁၃ဝဝ ကျပ်သာရရှိနေပြီး ထိုင်းနိုင်ငံဘက်မှ ချစ်ကြည်ရေးတံတား အမှတ် (၁) မဖွင့်သေးသည့်အတွက် ဈေးကွက်မရှိသဖြင့် လဲချား၊ မိုင်းပန်၊ မိုးနဲ၊ မိုင်းတုံ၊ ပုံပါကျင်စသည့်ဒေသများမှထွက်ရှိသည့် ခရမ်းစွဲကြက်သွန်ဖြူအလေးချိန် ကီလိုပေါင်းများစွာ ဆုံးရှုံးနိုင်မည့်အခြေအနေတွင်ရှိနေခြင်း ဖြစ်ကြောင်းသိရသည်။ "ထိုင်းအစိုးရက သူ့တောင်သူတွေအတွက် အမျိုးသားအကျိုးစီးပွားကို အကာအကွယ်ပေးတဲ့အနေနဲ့ အခွန်မြှင့်ပြီးကောက်တော့ ဒီကတောင်သူတွေမတတ်နိုင်ဘူး။ ခက်တာက ထိုင်းဘက်ကပစ္စည်းဝယ်လည်း မြန်မ ကုန်သည်တွေကပဲ ထိုင်းဘက်ရောမြန်မာဘက်ပါ အခွန်ဆောင်ရတယ်။ မြန်မာဘက်က ပစ္စည်းသွားရောင်းတော့လည်း မြန်မာကုန်သည်ကပဲ ၂ ဘက်လုံး အခွန်ဆောင်ရတယ်။ ထိုင်းကုန်သည်တွေ ထိုင်ရောင်းထိုင်ဝယ်လုပ်နေရုံပဲ။ အခုလည်း ကြက်သွန်ဖြူကုန်သည်တွေ မြန်မာဘက်မှာ အခွန်ဆောင်ပြီးပေမဲ့ ထိုင်းဘက်ကို ပို့ဖို့ကြတော့ခက်နေရတယ်။ ဒါကို ညှိနှိုင်းနိုင်မှ တောင်သူတွေ အသက်ရှူချောင်မယ်။ တာချီလိတ်ချစ်ကြည်ရေးတံတား အမှတ် (၁) က တစ်ပိုင်တစ်နိုင် သယ်ယူရောင်းချမှုကသာ ကြက်သွန်ဖြူတောင်သူများအတွက် အဆင်ပြေမယ်"ဟု ၎င်းက သုံးသပ်ပြောဆိုခဲ့သည်။

ရှမ်းပြည်နယ်ထွက် ခရမ်းစွဲကြက်သွန်ဖြူမှာ အမြိတ်ပါပြီး ထိုင်းဘက်မှ ကြိုက်နှစ်သက်သည့် အနံ့အရသာများ ရှိသော်လည်း တရုတ်ဘက်မှဝင်ရောက်သည့် အမွှာကြီးကြက်သွန်ဖြူများကို ဈေးအရမယှဉ်နိုင်ဖြစ်နေရကာ လက်ရှိပြည်တွင်းဈေးကွက်တွင် အမွှာသေးများ ဝယ်လက်မရှိဘဲ အမွှာကြီးများသာ ကျပ် ၁၄ဝဝ/၁၅ဝဝ ခန့်ဖြင့် အရောင်းအဝယ်ဖြစ်နေကြကြောင်းသိရသည်။

**Source:** https://www.kanbawzatainews.com/2020/07/MinZawMin_14.html

## ပိတ်ထားသည့် မြဝတီချစ်ကြည်ရေးအမှတ် (၁) တံတားမှတစ်ဆင့် ဒေသသုံးကုန်များအား တစ်နိုင်တစ်ပိုင် တင်သွင်းခွင့်ပြုရန်ဆောင်ရွက်နေ

မြန်မာ-ထိုင်းနယ်စပ် မြဝတီ အမှတ် (၁) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ဒေသသုံးကုန်များအား တစ်ခါသွင်းလျှင် ၁ဝ သိန်းထက် မကျော်လွန်ဘဲ တစ်နိုင်တစ်ပိုင်ကုန်သွယ်ခွင့်အားခွင့်ပြုနိုင်ရန် ဆောင်ရွက်နေသည်ဟု မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်ကပြောသည်။ ဒေသသုံးကုန် ၁၄၆ မျိုးကို အခွန် ၃ ရာခိုင်နှုန်းဖြင့် တစ်ခါသွင်းလျှင် တန်ဖိုး ကျပ်၁ဝ

သိန်း ထက်မကျော်လွန်စေဘဲ တင်သွင်းခွင့်ပြုရန် တင်ပြထားပြီးဖြစ်ပြီး ခွင့်ပြုသွားဖွယ်ရှိသည်ဟု ၎င်းကဆိုသည်။ ယင်းသို့ အမှတ် (၁) ချစ်ကြည်ရေးတံတားကို တစ်နိုင်တစ်ပိုင် ကုန်သွယ်မှုအတွက် အသုံးပြုနိုင်ရန် နှစ်ဖက်တာဝန်ရှိသူများက အသေးစိတ်ဆွေးနွေးမည်ဖြစ်ကာ ကုန်သွယ်ခွင့်ပြုပါက ယာဉ်ပေါ်တွင် ယာဉ်မောင်းတစ်ဦးနှင့် ကုန်သွယ်သည့်သူတစ်ဦးသာ ဖြတ်သန်းသွားလာခွင့်ပြုမည်ဖြစ်သည်။ "လက်ရှိ အမှတ် (၂) တံတားက ပုံမှန်ကုန်သွယ်မှုနဲ့ နယ်စပ်ကုန်သွယ်မှုပေါ့။ အဲဒါ ကတော့ အခွန်အပြည့်ဆောင်ရတာပေါ့။ တာချီလိတ်တို့မှာလိုမျိုးဆိုရင်တော့ ဒေသသုံး ကုန်စည်ပို့ဆောင်ရေးပေါ့နော်။ အခွန် ၃ ရာခိုင်နှုန်းနဲ့ တင်သွင်းတင်ပို့လို့ရမှာ။ အဲဒီလုပ်ထုံးလုပ်နည်းကို ဒီဘက်မှာခွင့်ပြုဖို့ ကျွန်တော်တို့ တင်ပြဆောင်ရွက်ဆဲဖြစ်ပါ တယ်။ ရလာရင် အဲဒါလုပ်ဖို့ ရှိပါတယ်"ဟု မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က ပြောသည်။

ယင်းတစ်နိုင်တစ်ပိုင် ကုန်သွယ်မှုသည် မြဝတီ- မဲဆောက်အပြန်အလှန်ကုန်သွယ်မှုသာဖြစ် ပြီး COVID-19 ကပ်ရောဂါအ တွင်း ဒေသခံပြည်သူများ ဒေသသုံးကုန်ပစ္စည်းများကို ဈေးသက်သက်သာသာဖြင့် သုံးနိုင်ရန်ဖြစ်သည်ဟု ၎င်းကဆိုသည်။ ယင်းတစ်နိုင်တစ်ပိုင် ကုန်သွယ်မှုသည် ဖောက်ချာတစ်စောင်၊ လူတစ်ယောက်၊ ကားတစ်စီးကို ၁၀ သိန်းအောက် တန်ဖိုးရှိသော ဒေသသုံးကုန်ပစ္စည်းများအား အခွန် ၃ ရာခိုင်နှုန်းဆောင်စေကာ ကုန်သွယ်ခွင့်ပြုသည့်စနစ်ဖြစ်သည်။ လက်ရှိတွင် မြဝတီ ချစ်ကြည် ရေးတံတား အမှတ် (၁) နှင့် အ မှတ် (၂) ကို တရားဝင်အားဖြင့် ပိတ်ထားဆဲ ဖြစ်သော်လည်း တံတားအမှတ် (၂) တွင်မူ နယ်စပ်ကုန်စည်စီးဆင်းမှုနှင့် နေရပ်ပြန်ကြသည့် မြန်မာနိုင်ငံသားနှင့်ထိုင်းနိုင်ငံသားများကို နှစ်ဖက်ညှိနှိုင်းကာဆောင်ရွက်ပေး နေသည် ဟု ဦးတေဇာအောင်ကဆိုသည်။

ဇူလိုင် ၆ ရက်ကစတင်ကာ ထိုင်းနိုင်ငံဘက်တွင် ကုန်စည်ကူးသန်းမှုအတွက် ကူးတို့ဆိပ်များကို ထိုင်းဘက်မှ ပြန်လည် ဖွင့်လှစ်ထားသော်လည်း မြန်မာဘက်ခြမ်း တွင်မူ ဖွင့်လှစ်ခြင်းမပြုသေးပဲ တရားဝင်နယ်စပ်ဂိတ်ဖြစ်သည့် ချစ်ကြည်ရေး အမှတ် (၁) တံတားကိုသာ ဦးစွာပြန်လည်ဖွင့်လှစ်ရန် သဘောထားပေးထားသည်။ ထို့အပြင် ယခုတွင် နှစ်ဖက်စလုံး၌လိုက်နာရန် ညွှန်ကြားထားသည့် စည်းမျဉ်းစည်းကမ်းနှင့်အညီ ပြန်လည်ဖွင့်လှစ်သည့် ဆိပ်များရှိနေပြီး နယ်စပ်နေပြည်သူများ အပြန်အလှန် သွားလာခွင့်ရရှိရန် ထိုင်းဘက်က ဆောင်ရွက်နေခြင်းလည်းရှိသည်ဟု ဦးတေဇာအောင်ကဆိုသည်။ "နယ်စပ်မှာ နေတဲ့ လူတွေ ဟိုဘက်ဒီဘက် အသွားအပြန် လုပ်ဖို့ကတော့ တာ့ခ်ခရိုင်မှာ လည်း သူတို့ကြိုးစားနေတယ်။ မဲဆောက်မြဝတီ ကူးသန်းခွင့်ပေါ့နော်။ အဲဒါတွေက နှစ်နိုင်ငံကိစ္စ ဖြစ်နေတော့ နိုင်ငံတော်နဲ့ ဆိုင် တယ်။ လက်ရှိက လေဆိပ်တွေနဲ့ နယ်စပ်ရှိ နိုင်ငံတကာ ဝင်ထွက် ပေါက်တွေကို လကုန်အထိ ပိတ် ထားမယ်ဆိုတော့ အဲဒီဟာကို ခွင့်ပြုဖို့က ကိုဗစ် ကြေညာချက်နဲ့ပဲ ဆိုင်တယ်"ဟု ၎င်းက ဆိုသည်။

COVID-19 ကပ်ရောဂါကာလအတွင်း ပြီးခဲ့သည့် ဇွန်လကုန်အထိ အမှတ်(၂)တံတားမှတစ်ဆင့် ခွင့်ပြုထားသည် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုအခြေအနေမှာ မြန်မာဘက်ခြမ်းမှသွင်းကုန်မှာ ပုံမှန်အနေအထားတွင်ရှိသော်လည်း ထိုင်းဘက်ခြမ်းမှ သွင်းကုန်များမှာ သုံးပုံတစ်ပုံခန့်လျော့နည်းသွားသည်ဟု ဦးတေဇာအောင်ကရှင်းပြသည်။

Source: https://7day.news/detail?id=192171

## COVID အလွန်တွင် ကုန်ထုတ်လုပ်မှု ကွင်းဆက်တစ်ခုလုံးပါသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ပစ်မှတ်ထား ဖိတ်ခေါ်မည်

COVID-19 ကပ်ရောဂါအလွန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရာ၌ ကုန်ထုတ်လုပ်မှု ကွင်းဆက်တစ်ခုလုံး ပါဝင်နိုင်မည့် စီးပွားရေးလုပ်ငန်းများကို အဓိကပစ်မှတ်ထားဖိတ်ခေါ်သွားမည်ဟု ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ် ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇရတ်ဆင်းကပြောသည်။

COVID ကာလ လက်ခစား အထည်ချုပ်လုပ်ငန်းများတွင် ကြုံ ခဲ့ရသည့် ကုန်ကြမ်းပြတ်လပ်မှုအခြေအနေကြောင့် နိုင်ငံသား များ အလုပ်လက်မဲ့ဖြစ်ရခြင်းကို ထပ်မံမကြုံတွေ့စေရန် ထုတ်လုပ်မှုကွင်းဆက်တစ်ခုလုံးပါဝင်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု များကို ဖိတ်ခေါ်မည်ဟု ၎င်းကဆိုသည်။ ဇူလိုင် ၁၂ ရက်က မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း (MRCCI) က ကြီးမှူးကျင်းပသည့် 'COVID-19 & Myan-mar Economy; Past, Present & Future' ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက စီးပွားရေးလုပ်ငန်းရှင်များကို အသိပေးပြောကြားသည်။ "COVID

ကာလမှာ သင်ခန်းစာရခဲ့ပြီးပြီလေ။ Supply Chain ပြတ်တာနဲ့ ဟိုလူမျှော်ရ၊ ဒီလူမျှော်ရနဲ့ ပစ္စည်းကလည်းမလာဘူး။ နောက်တော့ ကိုယ်ရဲ့အလုပ်သမားတွေပဲ ဒုက္ခရောက်တယ်'' ဟု ဦးဇရတ်ဆင်းကပြောကြားသည်။

ကုန်ထုတ်လုပ်မှုကွင်းဆက်တစ်ခုလုံးပါဝင်သော ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်မည့်အစီအစဉ်က နိုင်ငံတကာစီးပွားရေး လုပ်ငန်းများကိုလည်း ကောင်းစွာဆွဲဆောင်နိုင်မည့် အစီအစဉ်ဖြစ်သည်ဟု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးကပြောသည်။ လက်ရှိတွင် မြန်မာနိုင်ငံ၏ လက်ခစား လုပ်ငန်းများဖြစ်သော ဖိနပ်ချုပ်စက်ရုံများတွင် အောက်ခံအပြား၊ ဖိနပ်ကြိုးအပါအဝင် ဖိနပ်တစ်ရန်အတွက် လိုအပ်သည့်ပစ္စည်း များကို ပြည်ပမှတင်သွင်းပြီး တပ်ဆင်ချုပ်လုပ်ရေးလုပ်ငန်းကိုသာ ပြည်တွင်းတွင်လုပ်ကိုင်နေရသည်။ ဖိနပ်တစ်ရန်အတွက် လိုအပ်သောကုန်ကြမ်းပစ္စည်းများကို မြန်မာနိုင်ငံတွင် ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံသားများ၏အလုပ်အကိုင် အခွင့်အလမ်း များအပြင် နိုင်ငံတော်အစိုးရအတွက်လည်း ဝင်ငွေတိုးမြင့်ရနိုင်သည်ဟု ဒေါက်တာမောင်မောင်လေးကပြောသည်။ သို့သော် ကုန်ထုတ်လုပ်မှု ကွင်းဆက်တစ်ခုလုံးကို ပြည်တွင်းတွင် လုပ်ကိုင်ခွင့်ပြုမည်ဆိုပါက နည်းပညာမြင့် ကုန်ထုတ်လုပ်ရေး လုပ်ငန်းများကို ဦးစားပေးဖိတ်ခေါ်သင့်သည်ဟု ၎င်းကအကြံပြုသည်။ ပြည်တွင်းနိုင်ငံသားများ လုပ်ကိုင်နိုင်သော စီး ပွားရေး လုပ်ငန်းများကို ခွင့်ပြုမပေးသင့်ဟု ဒေါက်တာမောင်မောင်လေးကပြောသည်။ COVID-19 ကပ်ရောဂါကြောင့် နိုင်ငံတကာ ကဲ့သို့ပင် မြန်မာနိုင်ငံ၏စီးပွားရေးထိခိုက်သော်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက ပြီးခဲ့သည့်ဘဏ္ဍာနှစ်ကာလတူထက် ၅ ရာခိုင်နှုန်းကျော် တိုးတက်ခဲ့သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် ယခုဘဏ္ဍာနှစ် ကိုးလအတွင်း (၂၀၁၉ အောက်တိုဘာ ၁ ရက်မှ ၂၀၂၀ ဇွန်လ ကုန် အထိ) အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၃ ဘီလီ ယံကျော် (သန်း ၄,၃၃၀ ကျော်)ခွင့်ပြုပေးခဲ့သည်။ ပြီးခဲ့သည့် ဘဏ္ဍာနှစ်က ဒေါ်လာ ၄ ဒသမ ၁ ဘီလီယံကျော် (သန်း ၄,၁၀၀ ကျော်) ရင်းနှီးမြှုပ်နှံမှုဝင်ရောက်ခဲ့ခြင်းကြောင့် သန်း ၂၃၀ ကျော် ပိုများသည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု တိုးလာသော်လည်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုက ယခုဘဏ္ဍာနှစ်ကိုးလတွင် ကျပ် ၁ ဒသမ ၃ ထရီ လီယံသာရှိသည်။ ပြီးခဲ့သည့်ဘဏ္ဍာနှစ်က ကျပ် ၁ ဒသမ ၆ ထရီလီယံရှိခဲ့သည်။ လက်ရှိတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မ ရှင်၌ စက်မှုကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေး၊ အိမ်ရာတည်ဆောက်ရေးနှင့်ဆောက်လုပ်ရေးကဏ္ဍများ၊ စီးပွားရေးဇုန်တည်ဆောက်ရေး လုပ်ငန်းများ အဆိုပြုထားကြောင်း ဒုတိယဝန်ကြီး ဦးဇရတ်ဆင်းကပြောသည်။ ရရှိထားသော အဆိုပြုလျှောက်ထားမှုများကို လျင်မြန်စွာစိစစ်ခွင့်ပြုမည်ဟု ဦးဇရတ်ဆင်းကပြောသည်။

**Source:** https://7day.news/detail?id=192164

## ကမ္ဘာ့ရွှေဈေး ခုန်တက်မှုကြောင့်အခေါက်ရွှေဈေး ထပ်မံမြင့်တက်

ကမ္ဘာ့ရွှေဈေးခုန်တက်မှုကြောင့် အခေါက်ရွှေဈေး ထပ်မံမြင့်တက်လာပြီဖြစ်ကြောင်း ရန်ကုန်မြို့ရွှေဆိုင်များထံမှ သိရသည်။ ၁၆ ပဲရည်(အကယ်ဒမီ)တစ်ကျပ်သားဈေး ဇူလိုင် ၁၃ ရက် ရန်ကုန်ဈေးကွက်နှင့်မန္တလေးဈေးကွက်တို့တွင် ညနေပိုင်းဈေး ဖြစ်ပေါ်နေမှုအရ ကျပ် ၁၂၃၁၀၀၀ ဝန်းကျင်ဖြင့် ထပ်မံမြင့်တက်လာခြင်းဖြစ်သည်။ ၁၅ ပဲရည် တစ်ကျပ်သားဈေး ဇူလိုင် ၁၃ ရက် ရန်ကုန်ဈေးကွက်နှင့်မန္တလေးဈေးကွက်တို့တွင် ညနေပိုင်းဈေးဖြစ်ပေါ်နေမှုအရ ကျပ် ၁၁၅၈၆၀၀ ဝန်းကျင်ဖြင့် မြင့်တက်လာခြင်းဖြစ်သည်။

ကမ္ဘာ့ရွှေဈေးမှာ ဇူလိုင် ၁၃ ရက်တွင် တစ်ထရိုင်အောင်စလျှင် ၁၈၀၇ ဒေါ်လာ ခုန်တက်ခဲ့မှုကြောင့် ပြည်တွင်းရွှေဈေးပါ လိုက်ပါမြင့်တက်နေခြင်းဖြစ်သည်။ ကမ္ဘာ့ရွှေဈေးမှာ ဇွန် ၂၆ ရက်က တစ်ထရိုင်အောင်စလျှင် ၁၇၆၁ ဒေါ်လာ၊ ဇူလိုင် ၁ ရက်က တစ်ထရိုင်အောင်စလျှင် ၁၇၈၆ ဒေါ်လာ၊ ဇူလိုင် ၈ ရက်က တစ်ထရိုင် အောင်စလျှင် ၁၇၉၅ ဒေါ်လာ ဖြင့် ဆက်တိုက်မြင့်တက် လာခဲ့ခြင်းဖြစ်သည်။ နိုင်ငံခြားငွေလဲနှုန်းမှာမူ ကျဆင်းလျက်ရှိကြောင်း နိုင်ငံခြားငွေရောင်းဝယ်ရေးဈေးကွက်မှသိရပြီး အမေရိကန်ဒေါ်လာနှင့် ကျပ်ငွေလဲလှယ်နှုန်းမှာမူ ဇူလိုင် ၁၃ ရက် ညနေပိုင်းဈေးအရ ပြင်ပဈေးကွက် ငွေလဲကောင်တာ (Money Changer) များတွင် တစ်ဒေါ်လာဝယ်ဈေး ၁၃၆၉ ကျပ်၊ ရောင်းဈေး ၁၃၇၂ ကျပ်ဝန်းကျင်တွင် အရောင်းအဝယ်ဖြစ်ပေါ်နေခြင်း ဖြစ်သည်။ ကမ္ဘာ့ဒေါ်လာအညွှန်းကိန်းမှာ ဇူလိုင် ၁၃ ရက်တွင် အညွှန်းကိန်း ၉၆ ပွိုင့်အထက်တွင် ဖြစ်ပေါ်လျက်ရှိနေကြောင်း သိရသည်။ ပုဂ္ဂလိကဘဏ်များတွင်မူ အမေရိကန်နိုင်ငံခြားငွေလဲနှုန်း ဇူလိုင် ၁၃ ရက်တွင် တစ်ဒေါ်လာဝယ်ဈေး ၁၃၆၅ ကျပ်၊

ရောင်းဈေးကျပ် ၁၃၇၀ တွင် အရောင်းအဝယ်ဖြစ်ပေါ်နေကြောင်းသိရသည်။

**Source:** https://www.facebook.com/standardtimedaily/posts/2844325482346054?__tn__=K-R

## ကမ္ဘာ့ဘဏ်ချေးငွေဖြင့် တိုင်းဒေသကြီးသုံးခုတွင် အအေးခန်းသိုလှောင်ရုံများတည်ဆောက်ရန်စီစဉ်



ကမ္ဘာ့ဘဏ်ကရယူထားသော ချေးငွေအမေရိကန်ဒေါ်လာ လေးသန်းဖြင့် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီး သုံးခုတွင် အအေးခန်းသိုလှောင်ရုံများ တည်ဆောက်သွားရန်စီစဉ်ထားကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှသိရပါတယ်။ အအေးခန်းသိုလှောင်ရုံများကို စားသောက်ကုန်ထုတ်လုပ်မှုများပြားသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တည်ဆောက်သွားရန်လျာထားကြောင်းသိရပါတယ်။

COVID-19 ကာလအတွင်း ရေထွက်ကုန်ပစ္စည်းများအပါအဝင် တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်းများ ထုတ်လုပ်မှုအပိုင်းတွင် လျော့ကျသွားခြင်းမရှိသော်လည်း စနစ်တကျသိုလှောင်သိမ်းဆည်းနိုင်မည့် နေရာများမရှိခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုများစွာရှိခဲ့ကြောင်းသိရပါတယ်။ ထို့ကြောင့် ရေလုပ်ငန်းနှင့်ပတ်သက်သော ရေထွက်ကုန်ပစ္စည်းများ၊ တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်းများ၊ ပုပ်သိုးလွယ်ပစ္စည်းများသိုလှောင်နိုင်ရန် အအေးခန်းသိုလှောင်ရုံများကို ကမ္ဘာ့ဘဏ်ချေးငွေဖြင့် လုပ်ဆောင်မည်ဖြစ်ကြောင်းသိရပါတယ်။ အအေးခန်းသိုလှောင်ရုံများ တည်ဆောက်ပြီးစီးပါက ကုန်ထုတ်လုပ်မှုအလေအလွင့်ဖြစ်ခြင်းများလျော့နည်းသွားနိုင်ပြီး ပစ္စည်းအရည်အသွေးများကို ကြာရှည်ထိန်းသိမ်းထားနိုင်မည်ဖြစ်ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှသိရပါတယ်။

**Source:** https://www.myanmaplatform.com/a/45871.html

## ဝင်ငွေနည်းပြည်သူများကို အလုပ်အကိုင်ပေးနိုင်မည့်စီမံကိန်း ယခုလစမည်

ဝင်ငွေနည်းပြည်သူများကို အလုပ်အကိုင်ပေးမည့် "Cash For Work" စီမံကိန်း ဇူလိုင်လ ၂၂ ရက်တွင် တနိုင်ငံလုံး၌ စတင်မည်ဖြစ်ကြောင်းသိရသည်။ Cash for Work ဆိုသည်မှာ COVID 19 ကူးစက်ရောဂါ အကျိုးဆက်သက်ရောက်သော ကျေးလက်ဒေသများရှိ မိသားစုများ၏ဝင်ငွေရရှိရေးလုပ်ငန်းများ ထိခိုက်မှုဖြစ်ပေါ်လျက်ရှိသည့်အတွက် ၎င်းတို့ကျေးရွာ၏ ကုန်ထုတ်လုပ်ငန်းနှင့် အခြေခံအဆောက်အအုံဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကိုယ်တိုင်ဆောင်ရွက်စေပြီး လုပ်အားခငွေပေးချေခြင်းဖြင့် ဝင်ငွေရရှိစေရုံသာမက ရွာအခြေခံ အဆောက်အအုံများဖွံ့ဖြိုးတိုးတက်စေသည့်စီမံကိန်းဖြစ်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ချုပ် ဦးခန့်ဇော်က "အခုလ ၂၂ ရက် ဆိုရင် တချို့ကျေးရွာတွေက လုပ်ငန်းတွေကိုစတင်မှာဖြစ်တယ်။ စီမံကိန်းစမှာတော့ တနိုင်ငံလုံးကို တပြိုင်နက်တည်းဆိုပေမယ့် ကိုယ့်မြို့နယ်နဲ့ ကိုယ်လုပ်ကြတာဖြစ်တဲ့အတွက် မြို့နယ်တိုင်းကတော့ ပြိုင်တူစမယ်။ ကျေးရွာကတော့ ပြိုင်တူမစနိုင်ဘူးပေါ့။ အခုဘဏ္ဍာနှစ်နဲ့တွက်ရင် နောက်ထပ်၂ လ ကျန်သေးတဲ့အတွက် ဒီဩဂုတ်လနဲ့စက်တင်ဘာမှာ အပြီး ဆောင်ရွက်မှာဖြစ်တယ်" ဟု ဧရာဝတီသို့ပြောသည်။

တနိုင်ငံလုံး တိုင်းဒေသကြီးနှင့်ပြည်နယ်စုစုပေါင်း ၁၇ ခုရှိ မြို့နယ်ပေါင်း၂၅၀ ကျော်၊ ကျေးရွာပေါင်း ၂၄၀၀ ကျော်တွင် Cash For Work စီမံကိန်းကို လုပ်ဆောင်သွားမည်ဖြစ်ပြီး လုံခြုံရေးအရသွားလာရခက်ခဲသည့် တချို့နေရာများကိုမူ လုပ်ဆောင်ပေးမည်မဟုတ်ကြောင်းသိရသည်။ ယင်းစီမံကိန်းအတွက် ကျေးရွာဖွံ့ဖြိုးမှုလုပ်ငန်းများကို လူထုကိုယ်တိုင်ရွေးချယ်ရမည်ဖြစ်ပြီး စီမံကိန်းကာလ ၃ လတာအတွင်းပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သည်။ စီမံကိန်းလုပ်ငန်းများ ရွေးချယ်ရာတွင်လည်း နည်းပညာရှုပ်ထွေးမှုမရှိဘဲ ရိုးရှင်းလွယ်ကူသည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုသာ ရွေးချယ်လုပ်ဆောင်ရမည်ဖြစ်ကာ ဥပမာ- လမ်းပြုပြင်ခြင်း၊ လမ်းအဆင့်မြှင့်တင်ခြင်း၊ သောက်သုံးရေကန်များပြုပြင်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်း၊ ရေနုတ်မြောင်းနှင့်ရေဆိုးမြောင်းတူးဖော်ခြင်း၊ မြေသားရေကန်တူးဖော်ခြင်းအစရှိသည့် ကျေးရွာအသီးသီး

က မိမိတို့ ကိုယ်တိုင်ရွေးချယ်သော လုပ်ငန်းများပါဝင်မည်ဖြစ်သည်။

ယခု ကိုဗစ်ကာလတွင် ထိခိုက်သွားသော လုပ်သားများ၊ နိုင်ငံခြားက နေရပ်ပြန်အလုပ်လက်မဲ့လုပ်သားများ အစရှိသည်တို့ကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လွှတ်တော်ကိုယ်စားလှယ်များ ရပ်ကျေးဥက္ကဋ္ဌများပူးပေါင်းကာ ကျေးရွာပေါင်း ၂၄၀၀ ကျော်ကို ဦးစားပေးလုပ်ဆောင်ခြင်းဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်ကရှင်းပြသည်။ ဆက်လက်၍ ၎င်းက "ကျေးရွာကို ဘာကြောင့်ဦးစားပေးလဲဆိုတော့ မိုးကလည်းရွာနေပြီ အကုန်လည်းမလုပ်နိုင်တော့တဲ့အတွက် ဒီလိုပုံစံနဲ့ ရွေးလိုက်တယ်။ ကိုဗစ်ကာလမှာ အရာရာကထိန်းချုပ်ပြီးသားဖြစ်သွားတဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းမရှိကြဘူး။ ဒါကြောင့်ဝင်ငွေမရှိဘူး။ စားဖို့အတွက်လိုတယ်။ အဲဒီလိုလူတွေကို ကျေးရွာတွေမှာလိုအပ်တဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတခုလုပ်ပြီးတော့ လုပ်အားခရအောင်ပေးမယ်" ဟုဆိုသည်။ စီမံကိန်းကို မြို့နယ်နှင့်ကျေးရွာများအားလုံးနီးပါးကို မိတ်ဆက်ပေးပြီးသည့်အပြင် ဦးဆောင်လုပ်ကိုင်မည့် ကော်မတီအဖွဲ့များလည်း ဖွဲ့စည်းပြီးခြင်း၊ ဝန်ထမ်းများကို သင်တန်းများလည်းပေးပြီးသည့် အခြေအနေသို့ ရောက်သွားပြီဖြစ်ကြောင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဦးစီးဌာနကသိရသည်။

မုံရွာမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ကြည်က "ဒါကတော့ COVID 19 ဖြစ်ပေါ်လာတဲ့အတွင်းမှာ စီးပွားရေးအရနှေးနှေးကွေးနေတာ၊ အလုပ်အကိုင်အခွင့်အလမ်းတွေနည်းနေတာအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိဖို့အတွက်နဲ့ ကျေးရွာအတွက် ဖွံ့ဖြိုးရေး လုပ်ငန်းပြီးအောင် ဖော်ဆောင်ရင်းလုပ်တာဖြစ်ပါတယ်။ အခက်အခဲဖြစ်တာကို ယာယီဖြေရှင်းနိုင်တဲ့ အနေအထားဖြစ်တယ်" ဟု ဧရာဝတီသို့ပြောသည်။ Cash For Work စီမံကိန်းမစတင်ခင် တိုင်းနှင့်ပြည်နယ်တခုစီ၏ ကျေးရွာ ၁ ရွာကို ကနဦးရှေ့ပြေးစီမံကိန်းအနေနှင့် စတင်လေ့ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တွင် ကနေဦး စီမံကိန်းအနေဖြင့် ထန်းပင်လှကျေးရွာ၌ ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း ၎င်းကဆိုသည်။ "အခုပဲ ကျမတို့ကွင်းဆင်းဆောင်ရွက်နေတာ၊ ဒီရက်ပိုင်းအတွင်းမှာပဲ မုံရွာမှာကျန်တဲ့ ကျေးရွာ ၇ ရွာကို စတင်လုပ်ဆောင်မှာဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါက ၃ လအတွင်း အပြီးလုပ်ရမှာဖြစ်တယ်။ ဒါကြောင့် ဆွဲထားလို့မရဘူး။ အကောင်အထည်ဖော်မယ့် ကျေးရွာကော်မတီတွေကိုဖွဲ့စည်းပြီးဆောင်ရွက်မှာပါ။ ဖွဲ့စည်းလို့လည်းပြီးပါပြီ" ဟု ဒေါ်အောင်ကြည်ကပြောသည်။ လုပ်သားများခန့်ရာတွင် အသက်အရွယ်သတ်မှတ်ချက်မရှိကြောင်း၊ လုပ်ငန်းလုပ်ကိုင်နိုင်သည့်အပေါ်မူတည်၍ ရွေးချယ်ခြင်းဖြစ်ကြောင်းသိရသည်။

ကျေးရွာ ၁ ရွာကို ကျပ် သိန်း ၁၀၀ နှုန်း သတ်မှတ်ထားပြီး တခြားလိုအပ်သော ထောက်ပံ့ စရိတ်များ ပေါင်းစည်းမည်ဆိုလျှင် Cash For Work စီမံကိန်းတခုလုံးအတွက် နိုင်ငံတော်က ဘတ်ဂျက် ကျပ် ၂၅ ဘီလီယံကျော် သတ်မှတ်ထားသည်။ လုပ်သားများ၏ လုပ်ခလစာကို တရက် အခြေခံ လုပ်အားခတဦးလျှင် အနိမ့်ဆုံး ကျပ် ၄၈၀၀ မှ အမြင့်ဆုံး ကျပ် ၆၀၀၀ ကြားအထိ သတ်မှတ်ထားပြီး ဒေသတခု ချင်းစီလိုက်၍ အနည်းငယ်ကွဲပြားမည်ဖြစ်သည်။ ကျေးရွာများ၏ သဘောထားသတ်မှတ်ချက်ပေါ်မူတည်၍ တချို့ကျေးရွာများက တရက်လုပ်အားခ ကျပ် ၄၈၀၀၊ တချို့က ကျပ် ၅၀၀၀၊ တချို့က ကျပ် ၅၅၀၀ အစရှိသဖြင့် ညှိနှိုင်းဆောင်ရွက်ရသည်များရှိကြောင်းသိရသည်။

ထို့အပြင် စီမံကိန်းတွင် ကျွမ်းကျင်လုပ်သားများလည်း လိုအပ်မည်ဖြစ်သောကြောင့် ၎င်းတို့၏ လုပ်အားခကို ပြင်ပ ပေါက်စျေးအတိုင်း ပေးဆောင်ပေးသွားမည်လည်းဖြစ်သည်။ ဦးခန့်ဇော်က "ကျနော်တို့ ရွာ ၁ ရွာကို ကျပ်သိန်း ၆၀ လုပ်အားခပေးမယ်ဆိုရင် ပျမ်းမျှတရက်လုပ်အားခ ကျပ် ၅၅၀၀ နဲ့တွက်ရင် ကျေးရွာ ၁ ရွာမှာ လုပ်သားဦးရေ ၁ ထောင်ကျော်လောက်ရတယ်။ ဒါဆိုရင် လုပ်သား ၃၅ ယောက်လောက် နေ့ စဉ် လုပ်ရင် ၁ လလောက် အလုပ်လုပ်ရမယ်။ ဒါကြောင့် အလုပ်လုပ်ရက်ရက်ပေါင်း ၂၀ နဲ့ ၃၀ ကြားမှာ သွားမှာဖြစ်တယ်" ဟု ရှင်းပြသည်။

ထို့ကြောင့် Cash For Work စီမံကိန်းသည် ခန့်မှန်းချေ ပျမ်းမျှတစ်ရက်လုပ်အားခ ၅၅၀၀ ကျပ်နှင့်တွက်ကြည့်ပါက တနိုင်ငံလုံးအနေနှင့် လုပ်သားဦးရေ စုစုပေါင်း ၂ ဒသမ ၇ သန်းခန့် အလုပ်အကိုင်အခွင့်အလမ်းများကို ယာယီပေးနိုင်မည်ဖြစ်ကြောင်းသိရသည်။

**Source:** https://burma.irrawaddy.com/news/2020/07/14/226259.html

## တောင်အာရှနှင့် အရှေ့တောင်အာရှဒေသများမှ သွင်းကုန်များအား အိန္ဒိယအစိုးရက ပိုမိုစိစစ်ဖွယ်ရာရှိခြင်း

တရုတ်နိုင်ငံမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများအား အခြားနိုင်ငံများမှတစ်ဆင့် တင်သွင်းမှုပြုလုပ်လာနိုင်မည့် အခြေအနေကို တားဆီးနိုင်ရန်အတွက် အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနသည် အိန္ဒိယနိုင်ငံနှင့် လွတ်လပ်စွာ ကုန်သွယ်မှု သဘောတူစာချုပ် လက်မှတ်ရေးထိုးထားသည့် နိုင်ငံများမှကုန်စည်တင်သွင်းမှုများအား မြန်ဆန်စွာ နောက်ကြောင်း ခြေရာခံနိုင်မည့် အကောက်ခွန်ဥပဒေပြင်ဆင်ရေးဆိုင်ရာလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

Economic Times သတင်းဌာနက အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနသည် လွတ်လပ်စွာ ကုန်သွယ်မှု သဘောတူစာချုပ်များအား အလွဲအသုံးပြုခြင်း ရှိ/မရှိကို စစ်ဆေးရန်အတွက် အကောက်ခွန်အရာရှိများအား လုပ်ပိုင်ခွင့် အပ်နှင်းရေးနှင့် ပင်ရင်းနိုင်ငံစည်းမျဉ်းနှင့် ဆက်စပ်လျက်ရှိသည့် နည်းဥပဒေပြဋ္ဌာန်းချက်များကို ပြင်ဆင်ချမှတ်ပေးရန် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ညှိနှိုင်းမေတ္တာရပ်ခံခဲ့ကြောင်း၊ အဆိုပါဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးက ၎င်းတို့အနေဖြင့် တတိယကြားခံနိုင်ငံများမှ တင်သွင်းလာမည့် သံသယဖြစ်ဖွယ်ရာ ကုန်စည်တင်သွင်းမှုများကို တင်းကျပ်စွာ စစ်ဆေး ဆောင်ရွက်မည်ဖြစ်သည်ဟု ပြောကြားကြောင်း၊ ယခုအခါ ၎င်း နည်းဥပဒေ လုပ်ထုံးလုပ်နည်းများအား အတည်ပြု ပြဋ္ဌာန်းနိုင်ရန် သက်ဆိုင်ရာဌာနများက ဆောင်ရွက်နေပြီဖြစ်ကြောင်း ဖော်ပြပါသည်။

အိန္ဒိယနိုင်ငံ၏ ယခုနှစ်ဘဏ္ဍာရေးဥပဒေ၌ ကုန်သွယ်မှုသဘောတူညီချက်များ အောက်ရှိ ပင်ရင်းနိုင်ငံစည်းမျဉ်းအား စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အခန်းအသစ်တစ်ရပ်ကို ထည့်သွင်းထားရှိရာ အထောက်အထားများမပြည့်စုံခြင်း၊ အချက်အလက်များအား အတည်ပြုနိုင်မှုမရှိခြင်းတို့ ဖြစ်ပေါ်ပါက ပေးအပ်ထားသည့် အကောက်ခွန်ကင်းလွတ်မှု အခွင့်အရေးအား ငြင်းပယ်ခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်းတို့ကို လုပ်ဆောင်နိုင်သည့် အခွင့်အာဏာအား ဌာနအဖွဲ့အစည်းတစ်ရပ်ရပ်သို့ အစိုးရကအပ်နှင်းခွင့် ရှိပါသည်။

အိန္ဒိယနိုင်ငံသည် တောင်အာရှနှင့်အရှေ့တောင်အာရှဒေသ နိုင်ငံများနှင့်ဒေသတွင်းလွတ်လပ်စွာကုန်သွယ်မှု သဘောတူစာချုပ်များအား လက်မှတ်ရေးထိုးထားသည့်အပြင် အာရှ-ပစိဖိတ်ဒေသတွင်းရှိ နိုင်ငံအချို့နှင့် နှစ်နိုင်ငံကုန်သွယ်မှုစာချုပ်များ လက်မှတ်ရေးထိုးထားရှိရာ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်၊ တောင်ကိုရီးယားနှင့် အာဆီယံဒေသတွင်းနိုင်ငံများမှ တင်သွင်းလာမည့် ကုန်စည်များမှာ ပိုမိုစိစစ်မှုခံရဖွယ်ရှိကြောင်း Economic Times သတင်းဌာနက ရေးသား ဖော်ပြပါသည်။

Source: India–China tussle: Government seeks stricter checks on Sri Lanka, Bangladesh, South Korea, Asean imports, 6 Jul 2020, Economic Times

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့**

## STOCK EXCHANGE (14.7.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 14th Jul. 2020


**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +0 | +0.00% | 10,500 | 10,500 | 10,000 | 541 | 5,545,500 | 27,112,747 | 284,684 |
| MTSH | 00002 | 3,800 | -50 | -1.30% | 3,850 | 3,850 | 3,750 | 1,170 | 4,427,750 | 38,929,150 | 147,931 |
| MCB | 00003 | 8,000 | -200 | -2.44% | 8,200 | 8,200 | 8,000 | 213 | 1,704,600 | 10,400,986 | 83,208 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,000 | 22,000 | 1,510 | 33,220,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 535 | 1,471,250 | 12,823,224 | 35,264 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,650 | 2,700 | 2,650 | 307 | 823,650 | 19,977,223 | 53,939 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 443.16 | -2.71 | -0.61% | 445.20 | 445.20 | 432.07 | 4,276 | 47,192,750 | 6 | 659,411 |

### Index chart




# Market Overview

As of 1:00 pm, 14th Jul. 2020

| MYANPIX | 443.16 ▼ 2.71 |
|---|---|
| Total Volume (shares) | 4,276 |
| Total Value (MMK) | 47 mil |
| Listed Company | 6 |
| Market Cap. (MMK) | 659,411 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 0 |
| MTSH | 00002 | 3,800 | ▼ 50 |
| MCB | 00003 | 8,000 | ▼ 200 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |